ပုံစံ(၉)

ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

ခုံသမာဓိအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ်( ၂၉ /၂၀၂၂ )

| | | |
|---|---|---|
| အလုပ်သမား ဒေါ်ဇင်မာချိုပါ (၂)ဦး<br>အခန်း(၃၀၁)၊ တိုက်(၂)၊ (၁၄)လမ်း(A)၊<br>ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်။<br>၀၉ – ၄၂၀ ၀၄၀ ၇၄၈ | } | နစ်နာ၍တောင်းဆိုသူ |
| နှင့် | | |
| ဦးမိုးကျော် ( အလုပ်ရှင် )<br>Myanmar Marketing Research &<br>Development Co.,Ltd ( MMRD )<br>ဦးညာဏ်လင်းထွန်း ( HR Supervisor )<br>( အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ )<br>ရွှေပြည့်စုံဈေး၊ (၇)လွှာ၊ စက်ရုံလမ်း၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်။ ၀၉ – ၇၆၅ ၄၀၃ ၈၉၅ | } | တောင်းဆိုခြင်းခံရသူ |

ရက်စွဲ ။ ၂၀၂၂ ခုနှစ်၊ ဇွန် လ ၂၇ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရွှေပြည့်စုံဈေး၊ (၇)လွှာ၊ စက်ရုံလမ်းရှိ Myanmar Marketing Research & Development Co.,Ltd ( MMRD )မှ အလုပ်ရှင် ဦးမိုးကျော်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးညာဏ်လင်းထွန်း( HR Supervisor ) နှင့် အလုပ်သမား အလုပ်သမား ဒေါ်ဇင်မာချိုပါ (၂)ဦးတို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို မင်္ဂလာတောင်ညွန့်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေးဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့သည် တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ Myanmar Marketing Research & Development Co.,Ltd (MMRD) အလုပ်ရှင် ဦးမိုးကျော်နှင့် အလုပ်သမား ဒေါ်ဇင်မာချိုပါ (၂)ဦးတို့အကြား ကုမ္ပဏီလုပ်ငန်းမကောင်း၍ လုပ်ငန်းပုံမှန်မလည်ပတ်နိုင်သဖြင့် (၁၅-၃-၂၀၂၁)ရက်နေ့မှစ၍ လုပ်ငန်းယာယီရပ်နားခဲ့ပြီး ယခု လုပ်ငန်းပြန်ဖွင့်ချိန်တွင် တစ်ပတ်လျှင် (၅)ရက်အလုပ်တက်၍ နောက်ဆုံးရရှိသောလစာအား (၂၆)ရက်နှင့်စား၍ ရရှိသောကိန်းဂဏန်းအား အလုပ်တက်သည့်ရက်ဖြင့်မြှောက်၍ တွက်ချက် ထုတ်ပေးမည်ကို ဒေါ်ဇင်မာချိုပါ(၂)ဦးက လစားဝန်ထမ်းမှ နေ့စားအလုပ်သမားဝန်ထမ်းအဖြစ် ပြောင်းလဲလိုက်ခြင်းကို လုပ်သက်ရင့်ဝန်ထမ်းများဖြစ်၍ လက်မခံနိုင်သဖြင့် မူလရာထူး၊ မူလ လစာ၊ မူလနေရာတွင် အလုပ်ပြန်လည်ခန့်ထားပေးရန်နှင့် အလုပ်ပြန်မခန့်နိုင်ပါက ဥပဒေအရ နစ်နာကြေးပေးရန် တောင်းဆိုခြင်းအပေါ် မင်္ဂလာတောင်ညွန့်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၃)ကြိမ်ညှိနှိုင်းပေးရာ ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

**ကောက်ချက်** ။ တောင်းဆိုသူ အလုပ်သမား ဒေါ်ဇင်မာချိုပါ (၂)ဦးအား အလုပ်ပြန် လည်ခန့်ထားပေးရန် သင့် / မသင့် နှင့် နစ်နာကြေးပေးရန် သင့် / မသင့်။

တွေ့ရှိချက်

၄။ အလုပ်ရှင်ဘက်မှ တင်ပြထွက်ဆိုရာတွင် Myanmar Marketing Research & Development Co.,Ltd (MMRD)သည် ကြော်ငြာလုပ်ငန်းဖြင့် ရန်ကုန်လမ်းညွှန်စာအုပ်ထုတ်လုပ်၍ စီးပွားရှာရသောလုပ်ငန်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် နိုင်ငံရေးအပြောင်းအလဲ အကျိုးဆက်များကြောင့် လမ်းပန်းဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ရယူမှုဆိုင်ရာကိစ္စ ရပ်များ အခက်အခဲရှိခြင်း၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကြောင့် ၂၀၂၁ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအထိ လုပ်ငန်းယာယီပိတ်သိမ်းခဲ့ကြောင်း၊ ယာယီပိတ်သိမ်းခဲ့ သောကာလအတွင်း ကြော်ငြာရှင်များအား ဝန်ဆောင်မှုပေးရန်နှင့် အခြားမပြီးပြတ်သေးသော အုပ်ချုပ်မှုလုပ်ငန်းများဆောင်ရွက်ရန် သက်ဆိုင်ရာဌာနမှ ဝန်ထမ်းအချို့အား Project Base ဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊ မတ်လ (၁၅)ရက်မှစ၍ တစ်ဦးစီအား တစ်လလျှင် ငွေကျပ် (၁)သိန်းနှုန်းဖြင့် (၂)လ ထောက်ပံ့ပေးခဲ့ကြောင်း၊ တစ်လလျှင် ဝန်ထမ်းလစာ စုစုပေါင်း

ငွေ ကျပ် ၁၈,၈၅၀,၀၀၀/- ပေးရသည့်အတွက် ဆက်လက်ထောက်ပံ့နိုင်ခြင်းမရှိသဖြင့် ရပ်ဆိုင်းခဲ့ရပါကြောင်း၊ သို့သော် ဝန်ထမ်းများ စားဝတ်နေရေးအထောက်အကူဖြစ်စေရန် အခြေခံစားသောက်ကုန်များကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ထောက်ပံ့ခဲ့ပါကြောင်း၊ ကုမ္ပဏီသက်တမ်းနှစ်ပေါင်း (၃၀)အတွင်း ယခုအဆိုးဆုံးအခြေအနေသို့ ရင်ဆိုင်နေရကြောင်း၊ အငြင်းပွားသူ ဒေါ်ဇင်မာချိုနှင့် ဒေါ်အိအိမွန်တို့သည် ယာယီပိတ်ထားချိန်အတွင်း ကြော်ငြာရှင်များထံမှ ကျန်ငွေတောင်းပေးခြင်းအား Work From Home ဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ Project Base ဖြင့် လုပ်ကိုင်ဆောင်ရွက်ရသူ ဝန်ထမ်း (၆၀)ဦးရှိပါကြောင်း၊ ကုမ္ပဏီပြန်လည်ရှင်သန်ရေးအတွက်ရည်ရွယ်၍ ကုမ္ပဏီပိုင်ဆိုင်သည့်အရာများရောင်းချ၍ ဝန်ထမ်းများ၏လစာ ပေးချေနေရပါကြောင်းနှင့် ဒေါ်ဇင်မာချိုနှင့် ဒေါ်အိအိမွန်တို့ (၂)ဦးအား ကုမ္ပဏီဝန်ထမ်းမှ ထုတ်ပယ်ခြင်းမရှိသောကြောင့် မူလရာထူး၊ မူလနေရာဖြင့် အလုပ်ခန့်ထားနိုင်ပါကြောင်း၊ သို့ရာတွင် ၎င်းတို့၏အခြေခံလစာအား (၂၆)ရက်နှင့်စား၍ တွက်ချက်ပေးမည်ဖြစ်ကြောင်း၊ ထိုသို့ တွက်ချက်ရာ ဒေါ်ဇင်မာချိုအနေဖြင့် တစ်လလျှင်ငွေ ကျပ် ၃၈၀,၇၆၉/- ခံစားခွင့်ရှိမည်ဖြစ်ပြီး ဒေါ်အိအိမွန်အနေဖြင့် တစ်လလျှင်ငွေ ကျပ် ၂၇၃,၃၀၇/- ကျပ် ခံစားခွင့်ရမည်ဖြစ်ကြောင်း တင်ပြထွက်ဆိုထားပါသည်။

၅။ အလုပ်သမား ဒေါ်ဇင်မာချိုနှင့် ဒေါ်အိအိမွန်တို့မှ တင်ပြရာတွင် အရောင်းဌာနတွင် လုပ်သက်(၁၅)နှစ်အတွင်း ဖြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ခဲ့ခြင်း မရှိကြောင်း၊ ဒေါ်ဇင်မာချိုသည် အခြေခံလစာငွေ ကျပ် ၅၀၀,၀၀၀/- ရရှိပြီး ဒေါ်အိအိမွန်သည် အခြေခံလစာငွေ ကျပ် ၃၆၀,၀၀၀/- ရရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ မေလမှစ၍ ဒေါ်ဇင်မာချို အခြေခံလစာ၏ ၁၀% ၊ ဒေါ်အိအိမွန် အခြေခံလစာ၏ ၁၅% လျှော့နည်းရရှိခဲ့ပါကြောင်း၊ ထိုသို့ လျှော့နည်းရရှိခြင်းကို ကုမ္ပဏီခက်ခဲနေချိန်ဖြစ်၍ လက်ခံခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ်၊ မတ်လတွင် ကုမ္ပဏီမှ Zoom Meeting ဖြင့် ဝန်ထမ်းတစ်ဦးစီတိုင်းအတွက် တစ်လလျှင်ငွေ ကျပ်(၁)သိန်းနှုန်း လစဉ်ထောက်ပံ့မည်ဖြစ်ကြောင်း၊ သို့သော် ၂၀၂၁ ခုနှစ်၊ ဧပြီလနှင့် မေလ (၂)လသာ တစ်လငွေကျပ် (၁)သိန်းရရှိခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအထိ တစ်လတစ်ဦးလျှင် ဆန်(၉)ပြည်၊ ဆီတစ်ပိဿာ၊ ငါးသေတ္တာတစ်ဗူး ထောက်ပံ့ခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဇွန်လ ပထမအပတ်တွင် ကြော်ငြာရှင်များထံ ကြွေးကျန်တောင်းရန်ညွှန်ကြားမှုအပေါ် Work From Home စနစ်ဖြင့် လစာမရရှိသည်ကိုသိလျက်နှင့် ကူညီပေးခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် Biteix 24

Application မှတစ်ဆင့် မိမိတို့အထက်အရာရှိ ဒေါ်စောစန္ဒာထက်ထံ ကုမ္ပဏီဖွင့်ရန် အစီအစဉ် ရှိ / မရှိ စုံစမ်းခဲ့ပါကြောင်း၊ (၁၄-၃-၂၀၂၂)ရက်နေ့တွင် HR ဦးညဏ်လင်းထွန်းမှစာဖြင့် မိမိတို့ ကုမ္ပဏီအနေဖြင့် လက်ရှိကြေညာချက်များထွက်ပေါ်ထားသော State of Emergency ကာလ အခြေအနေများ တည်ငြိမ်သွားသည်အထိ Project Work ဖြင့်သာ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်၍ ၂၀၂၂ ခုနှစ်၊ မတ်လ(၂၂) ရက်နေ့မှစ၍ Project Work ဖြင့် လုပ်ကိုင်ရန်ဆန္ဒရှိပါက လုပ်ကိုင်နိုင်ကြောင်းနှင့် မလုပ်နိုင်ပါက ကုမ္ပဏီ၏ဝန်ထမ်းအင်အားစာရင်းတွင် ဆက်လက် အတည်ပြုပေးထားမည်ဖြစ်ကြောင်း၊ အကြောင်းတစ်စုံတစ်ရာသိရှိလိုပါက ဌာနအကြီးအကဲ များနှင့် HR ဌာနသို့ ဆက်သွယ်မေးမြန်းရန် ကြေညာချက်ထုတ်ခဲ့ပါကြောင်း၊ ကုမ္ပဏီ၏ Project Work မှာ တစ်ပတ်လျှင် အနည်းဆုံး (၁)ရက် (၈)နာရီ၊ တစ်လလျှင် အနည်းဆုံး (၄)ရက်၊ (၃၂) နာရီလုပ်ကိုင်ရမည်ဖြစ်ပြီး တစ်နာရီလုပ်အားခအား တစ်ပတ်အတွင်းလုပ်ကိုင်ခဲ့သော စုစုပေါင်း အလုပ်ချိန်နှင့်မြှောက်၍ တစ်ပတ်တစ်ကြိမ် ပေးချေသွားခြင်းဖြစ်ကြောင်း၊ State of Emergency ကာလပြီးဆုံးသည့်အချိန်ထိ ဝန်ထမ်းမနုတ်ထွက်ပါက Myanmar Marketing Research & Development Co.,Ltd (MMRD)ဝန်ထမ်းအဖြစ် ဆက်လက်အတည်ပြုထားမည်ဖြစ်ကြောင်း၊ မိမိတို့သည် (၁၅)နှစ်ကျော် ဝန်ထမ်းများဖြစ်၍ကုမ္ပဏီဌာန (၁၁)ဌာနရှိသော်လည်း လုပ်ငန်း ကျွမ်းကျင်မှုအရ Sale ဌာနတွင်သာ တာဝန်ထမ်းဆောင်လိုကြောင်း၊ လစားဝန်ထမ်းမှ နေ့စား ဝန်ထမ်းသဘောဖြစ်၍ လက်မခံနိုင်ကြောင်း၊ မူလနေရာ၊ မူလရာထူး၊ မူလလစာဖြင့် တာဝန် ထမ်းဆောင်လိုကြောင်း၊ မပေးနိုင်ပါက ဥပဒေအရ နစ်နာကြေးရယူလိုပါကြောင်း တင်ပြ ထွက်ဆိုထားပါသည်။

၆။ အလုပ်ရှင်၊ အလုပ်သမားထွက်ဆိုချက်များအရ ယခုအခြင်းပွားမှုသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ဟိုတယ်လုပ်ငန်းများနည်းတူ Myanmar Marketing Research & Development Co.,Ltd (MMRD)၏ Sale & Marketing လုပ်ငန်းသည်လည်း လုပ်ငန်းလည်ပတ်ရန် အခက်အခဲများကြောင့် ရန်ကုန်လမ်းညွှန်စာအုပ်သည်လည်း ထုတ်ဝေနိုင်ခြင်း မရှိကြောင်း တွေ့ရှိရသည်။

သုံးသပ်ချက်

၇။ အလုပ်ရှင်၊ အလုပ်သမားတို့၏ ထွက်ဆိုတင်ပြချက်များ၊ လုပ်ငန်းသဘာဝအမျိုးအစား အရ ရန်ကုန်လမ်းညွှန်စာအုပ်ကို အသုံးပြုသူနည်းပါးသည့်အတွက် Myanmar Marketing

Research & Development Co.,Ltd (MMRD)အနေဖြင့် ကုမ္ပဏီပြန်လည်ရှင်သန်ရန် ကြိုးစားရုန်းကန်နေရသည်မှာ မှန်ကန်ကြောင်း သုံးသပ်ရသည်။

၈။ ကုမ္ပဏီယာယီပိတ်သိမ်းထားစဉ် ပေးခဲ့သော ထောက်ပံ့ကြေးအပေါ်တွင် ဒေါ်ဇင်မာချိုနှင့် ဒေါ်အိအိမွန်တို့မှ သဘောတူလက်ခံခဲ့ခြင်းသည် (၁၅)နှစ်ကျော်တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများဖြစ်သောကြောင့် ကုမ္ပဏီအမှန်တကယ်အခက်အခဲဖြစ်နေသည်ကို သိရှိသောကြောင့် ကုမ္ပဏီကိုငဲ့ညှာပြီး လက်ခံခဲ့ခြင်းဖြစ်ကြောင်း သုံးသပ်သည်။

၉။ အလုပ်ရှင်သည် တောင်းဆိုသူ အလုပ်သမား(၂)ဦးအား မူလနေရာ၊ မူလရာထူး ခန့်အပ်နိုင်သော်လည်း ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းအဆင်မပြေသောကြောင့် ယခင်ပုံမှန်လစာပေးခြင်းအစား အခြေခံလစာအား ရုံးတက်ရက် (၂၆)ရက်ဖြင့်တွက်ချက်ပြီး ဒေါ်ဇင်မာချိုအား တစ်လလျှင်ငွေ ကျပ် ၃၈၀,၇၆၉/- နှုန်းနှင့် ဒေါ်အိအိမွန်အား တစ်လလျှင်ငွေ ကျပ် ၂၇၃,၃၀၇/- နှုန်း ပေးလိုကြောင်း တင်ပြထားရာ သင့်လျော်မှုရှိသည်ဟု သုံးသပ်၍ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်။

**ဆုံးဖြတ်ချက် ။** တောင်းဆိုသူ အလုပ်သမား ဒေါ်ဇင်မာချိုအား တစ်လလျှင်ငွေ ကျပ် ၃၉၀,၀၀၀/- နှုန်း ၊ ဒေါ်အိအိမွန်အား တစ်လလျှင်ငွေ ကျပ် ၂၈၀,၀၀၀/- နှုန်းဖြင့် မူလနေရာ၊ မူလရာထူးဖြင့် မူလလုပ်သက်မပြတ်စေဘဲ ဆုံးဖြတ်ချက်ထွက်ရှိသည့်နေ့မှ (၇)ရက်အတွင်း အလုပ်ပြန်လည်ခန့်ထားရန်နှင့် ကြားကာလနစ်နာကြေးပေးရန် မလိုကြောင်း ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

| | | |
|---|---|---|
| (ဇင်ကေသွယ်)<br>အတွင်းရေးမှူး | (လွင်လွင်မြင့်)<br>ဥက္ကဋ္ဌ | (ကျော်ရှိဦး)<br>အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ကျင်အေး)<br>အဖွဲ့ဝင် | (ဒေါက်တာခင်မောင်အေး)<br>အဖွဲ့ဝင် | ( လစ်လပ် )<br>အဖွဲ့ဝင် | (မြင့်အောင်)<br>အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ကျော်ဇေယျ)<br>အဖွဲ့ဝင် | (ခွင့်)<br>(စောတင်)<br>အဖွဲ့ဝင် | ( လစ်လပ် )<br>အဖွဲ့ဝင် | (ကျင်သိန်း)<br>အဖွဲ့ဝင် |